**CORONAVIRUS DISEASE 2019 (COVID-19) ရောဂါနှင့်ပတ်သက်၍**
**သတင်းထုတ်ပြန်ချက် (၄-၁-၂၀၂၀ ရက်နေ့မှ ၂၈-၂-၂၀၂၀ ရက်နေ့ထိ)**
**(၂၈-၂-၂၀၂၀) ရက်နေ့၊ ည (၈:၁၅) နာရီ**

## ၁။ ကမ္ဘာ့နိုင်ငံများ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ

(ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂၈-၂-၂၀၂၀) ရက်နေ့ မြန်မာစံတော်ချိန် နံနက်(၁၁:၃၀)နာရီအချိန်ထုတ်ပြန်ချက်)

ကမ္ဘာပေါ်တွင် ရောဂါဖြစ်ပွားနေသည့်နိုင်ငံစုစုပေါင်း - ၄၇ နိုင်ငံ

ကမ္ဘာ့နိုင်ငံများတွင် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း - ၈၂,၂၉၄ ဦး

ကမ္ဘာ့နိုင်ငံများတွင် သေဆုံးသူ စုစုပေါင်း - ၂,၈၀၄ ဦး

## ၂။ မြန်မာနိုင်ငံ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ

**(၂၈-၂-၂၀၂၀ ရက်နေ့၊ ညနေ (၆:၁၅) နာရီ အချိန်ထိ)**

| | လူနာ ဦးရေ | ဓာတ်ခွဲစစ်ဆေးမှု အခြေအနေ | | |
|---|---|---|---|---|
| | | ပိုးတွေ့ | ပိုးမတွေ့ | စစ်ဆေးဆဲ |
| စောင့်ကြည့်လူနာ | ၄၃ | - | ၄၂ | ၁ |
| သံသယလူနာ | ၂ | - | ၂ | - |
| စုစုပေါင်း | ၄၅ | - | ၄၄ | ၁ |

၃။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် သံသယလူနာနှင့်စောင့်ကြည့်လူနာတွေ့ရှိရမှု အခြေအနေများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် (၁၄) ဦး၊ ရှမ်းပြည်နယ်တွင် (၁၂) ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် (၈) ဦးနှင့် အခြားတိုင်းဒေသကြီး/ ပြည်နယ်များတွင် (၁၁) ဦး စုစုပေါင်း (၄၅) ဦးတို့ဖြစ်ပါသည်။

၄။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကိုဆောင်ရွက်ရာ၌ အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ ဆိပ်ကမ်းများ၊ နယ်စပ် ဝင်ပေါက်၊ ထွက်ပေါက်များတွင်လည်းကောင်း၊ ပြည်သူလူထုအခြေပြု၍လည်းကောင်း၊ ပြည်သူ့ဆေးရုံများနှင့် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများအခြေပြု၍လည်းကောင်း၊ ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၅။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် **COVID-19 ရောဂါကြိုတင်ပြင်ဆင်မှုအနေဖြင့်** ဗဟိုအဆင့်ဆေးရုံကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများတွင် အထူးကြပ်မတ်ကုသဆောင်များ (Intensive Care Unit-ICU)၊ သီးခြားထားရှိကုသဆောင် (Isolation Ward) များပြင်ဆင်ထားရှိခြင်း၊ လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းတို့ကို **ဝယ်ယူဖြန့်ဖြူးခြင်းများဆောင်ရွက်လျက်ရှိပြီး ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများ၊ အလှူရှင်များနှင့်လည်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။**

၆။ မြန်မာနိုင်ငံအနေဖြင့် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ပြည်တွင်း ပြည်ပအဖွဲ့အစည်းအသီးသီးနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိရာ အလှူရှင်များနှင့် အဖွဲ့အစည်းများထံမှ ဆေးနှင့်ဆေးပစ္စည်းများ လက်ခံရရှိမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| စဉ် | အဖွဲ့အစည်းအမည် | Personal Protective Equipment (အစုံရေ) | N95 Mask (ခု) | Surgical Mask (ခု) | Hand Gel (ဗူး) | Non- Contact Thermometer (ခု) | Ventilator (ခု) | Glove (ခု) |
|---|---|---|---|---|---|---|---|---|
| ၁ | ကမ္ဘာ့ကျန်းမာရေးအဖွဲ့ | ၁၀၀ | ၅၀၀ | - | - | - | | |
| ၂ | မြန်မာနိုင်ငံ ကြက်ခြေနီအသင်း | ၂,၀၀၀ | - | ၅,၀၀၀ | ၁,၈၅၇ | - | | ၆,၀၀၀ |
| ၃ | Sea Lion Company | ၂,၀၀၀ | - | - | - | - | | |
| ၄ | ဥက္ကာသီရိကုမ္ပဏီ | ၁,၀၀၀ | - | - | ၂၂၅ | - | | |
| ၅ | ဇီဇဝါကုမ္ပဏီ | - | - | - | - | ၄၅ | | |
| ၆ | Gold Lite Co.,Ltd | | ၂,၀၀၀ | | | | | |
| ၇ | Eclion Global Group နှင့် အခြားအလှူရှင်များ | ၃,၃၀၀ | | | | | | |
| ၈ | ရီရှင်းကုမ္ပဏီမိသားစု | | | | | | ၅ | |
| ၉ | Valves Co.,Ltd | | | ၂,၀၀၀ | | | | |
| | စုစုပေါင်း | ၈,၄၀၀ | ၂,၅၀၀ | ၇,၀၀၀ | ၂,၀၇၂ | ၄၅ | ၅ | ၆,၀၀၀ |

၇။ **COVID-19 ရောဂါကာကွယ်ရေးနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုအနေဖြင့်** ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ပိုစတာ၊ လက်ကမ်းစာစောင်၊ စတစ်ကာ၊ ဗီနိုင်း စသည့် ကျန်းမာရေးပညာပေးအထောက်အကူပစ္စည်းများကို ပြုစုထုတ်ဝေခဲ့ပြီး ဗဟိုနှင့် တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးသို့ ဖြန့်ဝေခဲ့ပြီးဖြစ်ပါသည်။ COVID-19 ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးပညာပေးသတင်းအချက်အလက်များကို ကျန်းမာရေးနှင့်အားကစား

ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs.gov.mm) နှင့် လူမှုကွန်ရက်စာမျက်နှာများ (https://www.facebook.com/MinistryOfHealthAndSportsMyanmar နှင့် https://www.facebook.com/MyanmarCDC) တို့တွင် QR Code ကို Scan ဖတ်၍ ရယူနိုင်မည်ဖြစ်ပါသည်။ ယခုအချိန်အထိ ၎င်း QR Code အား Scan ဖတ်၍ ကြည့်ရှုသူပေါင်း (၃၇၀,၀၀၀) ခန့်ရှိပြီဖြစ်ပါသည်။ ထို့အပြင် နိုင်ငံပိုင်သတင်းမီဒီယာများ၊ ရေဒီယိုများနှင့် တိုင်းရင်းသားဘာသာစကား ကဏ္ဍတို့တွင်လည်း ကျန်းမာရေးပညာပေးသတင်းအချက်အလက်များကို စဉ်ဆက်မပြတ် ထုတ်လွှင့်ဖော်ပြလျက်ရှိပါသည်။

၈။ မြန်မာနိုင်ငံတွင် လက်ရှိအချိန်၌ COVID-19 ရောဂါ ဖြစ်ပွားသူလူနာမတွေ့ရှိသေးသော်လည်း –

- ရောဂါစတင်ဖြစ်ပွားသော တရုတ်ပြည်သူ့သမ္မတနိုင်ငံအပြင် အီတလီ၊ အီရန်နှင့် အထူးသဖြင့် ကိုရီးယားသမ္မတနိုင်ငံတို့၌ အရှိန်အဟုန်ဖြင့် ရောဂါကူးစက်ဖြစ်ပွားလျက်ရှိသည်ကို တွေ့မြင်နေရပါသည်။
- အဆိုပါနိုင်ငံများ၌ ခရီးသည်များသည် လေကြောင်းခရီးဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ အခြားနိုင်ငံများတွင် ရပ်နားဖြတ်သန်းပြီးသော်လည်းကောင်း၊ မြန်မာနိုင်ငံသို့ ဝင်ရောက်နိုင်သည့် အခြေအနေများစွာရှိနေပါသည်။
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အပြည်ပြည်ဆိုင်ရာလေဆိပ်များ၌ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်းကာ အထူးအားဖြည့်၍ ဆောင်ရွက်လျက်ရှိပါသည်။
- အပြည်ပြည်ဆိုင်ရာဝင်ပေါက်များမှ သံသယလက္ခဏာရှိသူများမဝင်ရောက်နိုင်စေရန် ထိန်းချုပ်ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတကာခရီးသည်များ တည်းခိုနေထိုင်မည့် ဟိုတယ်၊ တည်းခိုခန်းနှင့် အိမ်များ၌ ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများ ဆောင်ရွက်မှုမှာ အရေးကြီးသည့် အချက်တစ်ချက်ဖြစ်ပါသည်။
- COVID-19 ရောဂါ လူနာများနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်းမရှိသူ (သို့မဟုတ်) ရောဂါဖြစ်ပွားရာဒေသ၊ နိုင်ငံများသို့ လတ်တလောသွားရောက်ခဲ့သော ခရီးသွားရာဇဝင်မရှိသူများတွင်လည်း ရောဂါကူးစက်ဖြစ်ပွားမှုဖြစ်စဉ်များအား နိုင်ငံအချို့တွင် တွေ့ရှိနေရပါသည်။
- လူစုလူဝေးများသောနေရာများတွင် COVID-19 ရောဂါဖြစ်ပွားသူ (သို့မဟုတ်) ရောဂါလက္ခဏာမပြသေးသော်လည်း ရောဂါရှိသူ (Asymptomatic carrier) တစ်ဦးထံမှ အခြားသူများထံသို့ ရောဂါကူးစက်ပြန့်ပွားနိုင်ပါသည်။

၉။ မြန်မာနိုင်ငံတွင်လည်း ရောဂါဖြစ်ပွားသူအများအပြား ရုတ်တရက်တစ်ပြိုင်နက် တွေ့ရှိလာနိုင်ပြီး ပြည်သူများအတွင်း၌ ကူးစက်ဖြစ်ပွားနိုင်ခြင်းတို့ကြောင့် ပြည်သူများနှင့် လူမှုရေးအဖွဲ့အစည်းများအနေဖြင့် -

(က) ယခုကာလအတွင်း လူစုလူဝေးများပြားရာနေရာများ၌ ပွဲလမ်းသဘင် ရှိရာနေရာများကို အတတ်နိုင်ဆုံးရှောင်ကြဉ်ကြပါရန်၊

(ခ) အခြေအနေ အကြောင်းကြောင်းကြောင့် မဖြစ်မနေကျင်းပရမည့် လူစုလူဝေးနှင့် ပွဲလမ်းသဘင်များကိုသာ ပြုလုပ်ကြပါရန်နှင့်

(ဂ) အကယ်၍ ထိုသို့ မလွှဲမရှောင်သာကျင်းပရပါက တက်ရောက်သည့်လူအရေအတွက်နည်းနိုင်သမျှနည်းပါးစေရန်နှင့် ဖျားနာသူများနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါရှိသူများ မလာရောက်စေရေး အစီအမံများ တင်းကျပ်စွာပြုလုပ်ရမည့်အပြင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေး ကျန်းမာရေးအသိပညာပေး နှိုးဆော်ချက်များကိုလည်း တိကျစွာ စနစ်တကျလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်ပန်ကြားအပ်ပါသည်။